# စိမ့်ဝင်ခြင်း

## နိဒါန်း

ကျွန်ုပ်တို့သည် တိုက်စစ်၏ စစ်ကစားမှုပုံစံများ (Forms of Maneuver) အဖြစ် နဂါးပတ်တိုက်စစ်၊ လှည့်တက်စစ်၊ ဖောက်စစ်နှင့် ရှေ့မျက်နှာစာမှ တိုက်စစ်ဟူ၍ ပုံစံလေးမျိုးသာ ယခင်က လက်ခံခဲ့ကြသည်။ သို့ရာတွင် ခြေလျင်တပ်၏ စွမ်းရည်ကိုအမြင့်မားဆုံး အသုံးပြုနိုင်ရန်အတွက် ဤပုံစံလေးမျိုးဖြင့် မလုံလောက်တော့ကြောင်း တွေ့ရှိရပြီဖြစ်သည်။

ဥပမာအားဖြင့် ရန်သူ့ခံစစ်ကြောင်းတစ်ခုကို တိုက်ခိုက်ရာတွင် ရန်သူ့ထောက်ပံ့ပို့ဆောင်ရေး လမ်းကြောင်းတွင် အချက်အချာဖြစ်သော မြစ်ကူးတံတား၊ လမ်းဆုံလမ်းခွစသည်တို့ကို သိမ်းပိုက်ရန် လိုကောင်းလိုပေမည်။ ရန်သူ့နောက်ပိုင်းနယ်ရှိ ကွပ်ကဲမှုနှင့် ဆက်သွယ်ရေးစခန်းများကို ဖျက်ဆီးပစ်ရန် လိုကောင်းလိုမည်။ ရန်သူ့ဆုတ်လမ်းကို ပိတ်ဆို့ရန်၊ ရန်သူ့စစ်ကူကိုဖြတ်တောက်ရန်၊ ရန်သူ့အတွင်းပိုင်း၌ အရေးကြီးသော မြေနေရာအချို့ကို ကြိုတင်သိမ်းပိုက်ထားရန် လိုကောင်းလိုမည်။ ရန်သူ ကြိုတင်မျှော်လင့်မထားသော ရန်သူကြိုတင်ပြင်ဆင်မှုမရှိသော အတွင်းဘက်မျက်နှာစာမှ အဓိကတိုက်စစ်သော်လည်းကောင်း၊ အထောက်အကူတိုက်စစ်သော်လည်းကောင်း ပြုလုပ်ရန် လိုကောင်းလိုမည်။ စစ်အောင်ရာသော အကြောင်းကြီးများတွင် အငိုက်ဖမ်းမှုတည်း ဟူသော အရေးကြီးသည့်အချက်ကို အများဆုံးပေးစွမ်းနိုင်သည့် အထက်ဖော်ပြပါ လှုပ်ရှားမှုများသည် ကျွန်ုပ်တို့ ယခင်ကလက်ခံထားရှိခဲ့သော စစ်ကစားမှုပုံစံလေးမျိုးဖြင့် ပြည့်ပြည့်ဝဝရှင်းလင်းဖော်ပြရမည် မဟုတ်ပေ။ လက်တွေ့တွင်မူ စစ်မြေပြင်ခေါင်းဆောင်များသည် ဤလှုပ်ရှားမှုတစ်မျိုးမျိုးကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကျင့်သုံးနေကြသည်သာဖြစ်ပါသည်။ ရန်သူ့အပေါ်လှည့်စားမှု၊ အငိုက်ဖမ်းမှုမပါဘဲ ရန်သူ့နေရာအား ပြောင်ကျကျတိုက်ခိုက်ခြင်းသည် စစ်ခေါင်းဆောင်များ၏ နည်းဗျူဟာအရည်အသွေးညံ့ဖျင်းမှု ကို ဖော်ပြရာရောက်သောကြောင့် စစ်မြေပြင်ခေါင်းဆောင်များသည် ရန်သူအား အတတ်နိုင်ဆုံး လှည့်စားရန် ဤလှုပ်ရှားမှုပုံစံများကို အတွေ့အကြုံဖြင့် ကျင့်သုံးခဲ့ကြခြင်းဖြစ်ပါသည်။

ရန်သူ့နောက်ပိုင်းသို့ လျှို့ဝှက်စွာဝင်ရောက်တိုက်ခိုက်ရသည့် စစ်ကစားနည်းဖြစ်သော စိမ့်ဝင်ခြင်း (Infiltration) ကို ယခုအခါ ကျွန်ုပ်တို့၏ သင်တန်းကျောင်းများတွင် စစ်ကစားမှုပုံစံတစ်ရပ်အဖြစ်လက်ခံထားကြပြီးဖြစ်ပါသည်။ ဤစစ်ကစားမှုပုံစံဖြင့် ရှင်းပြမှသာ အထက်ပါလှုပ်ရှားမှုအားလုံးကို စနစ်တကျရှင်းပြနိုင်မည်ဖြစ်ပါသည်။ စိမ့်ဝင်ခြင်းဆိုသည်မှာ ရန်သူ၏ ပြင်ဆင်ထားသော ခံစစ်နေရာများအား တိုက်ခိုက်ခြင်းမပြုဘဲ ရန်သူ့နောက်ပိုင်းသို့ ဝင်ရောက်ခြင်းဖြစ်ပေသည်။ တိုက်ခိုက်ရေးတပ်ဖွဲ့တစ်ဖွဲ့လုံး၊ သို့မဟုတ် တစ်စိတ်တစ်ပိုင်းသည် ရန်သူ့နောက်ပိုင်းတွင် မိမိအတွက် အခွင့်အရေးသာစေမည့် နေရာအနေအထားတစ်ခုရရှိရန်အတွက် ရန်သူ့ခံစစ်ကြောင်းကို လျှို့ဝှက်စွာ ဖြတ်ကျော်ခြင်းဖြစ်သည်။ အောင်မြင်သောစိမ့်ဝင်မှုအားလုံးသည် ရန်သူ၏ထောက်လှမ်းသိရှိမှုနှင့် ထိတွေ့မှုများကို ရှောင်ရှားနိုင်ရမည်။ စိမ့်ဝင်နိုင်သည့် တပ်အရွယ်အစားနှင့် အင်အားကန့်သတ်ချက်

များကြောင့် ရန်သူ့ခံစစ်စခန်းကြီးများကို စိမ့်ဝင်တိုက်စစ် (Infiltration Attack) ပုံစံတစ်မျိုးတည်း ဖြင့် တိုက်ခိုက်နိုင်ရန် ခဲယဉ်းသော်လည်း အခြားသောစစ်ကစားမှုပုံစံများဖြင့် တွဲဖက်၍ထိရောက်စွာ ကျင့်သုံးနိုင်ပေသည်။

စိမ့်ဝင်ခြင်းသည် ကြမ်းတမ်းခက်ခဲသော မြေ၊ တောတောင်ထူထပ်သောဒေသ၊ မှောင်မိုက်သော အချိန်ကာလ၊ ဆိုးရွားသောရာသီဥတု၌ လက်တွေ့လုပ်ဆောင်ရန် ပို၍လွယ်ကူပါသည်။ ယခု ခေတ်အခါတွင် ပထမကမ္ဘာစစ်ကာလကဲ့သို့ မိုင်ပေါင်းများစွာ ရှည်လျားသော ကတုတ်ကျင်းများ တစ်ဆက်တစ်စပ်တည်းတူးပြီး ခံစစ်ဆင်ကြသည့်ခေတ်မဟုတ်တော့ပေ။ စစ်ဗျူဟာသဘောတရား အရ အရေးကြီးသောမြေများပေါ်တွင်သာ ခံစစ်အစုအဝေးများတည်ဆောက်ထားပြီး စပ်ကြားနယ်မြေ အမြောက်အမြားကို လှည့်ကင်းများ၊ ကြည့်ကင်းများ၊ လက်နက်ကြီးများ၊ မိုင်းအတားအဆီးများဖြင့်သာ ထိန်းချုပ်၍ ခံစစ်စည်းကို တည်ဆောက်လေ့ရှိပေသည်။ ခံစစ်ဆင်သူ၏ ကင်းများ၊ လက်နက်များ နှင့် အတားအဆီးများ၏ စွမ်းရည်အပေါ်မူတည်၍ စိမ့်ဝင်နိုင်သည့် အခွင့်အရေးသည် ရန်သူ့ခံစစ် စည်းတွင် အနည်းနှင့်အများဆိုသလို အစဉ်အမြဲဖြစ်ပေါ်လျက်ရှိမည်သာ ဖြစ်ပါသည်။

**စစ်သမိုင်းမှသာဓကများ**

စိမ့်ဝင်ခြင်းကို စစ်ကစားမှုပုံစံတစ်ခုအဖြစ် ကျွန်ုပ်တို့လက်ခံခဲ့ကြသည်မှာ မကြာသေးသော်လည်း စိမ့်ဝင်တိုက်နည်းစနစ်သည် ၁၉၁၆ ခုနှစ်၊ ပထမကမ္ဘာစစ်ကာလ ဗာဒန်တိုက်ပွဲ (Battle of Verdun) တွင် ဂျာမန်တို့ စတင်ကျင့်သုံးခဲ့သည့် နည်းစနစ်ဖြစ်ကြောင်း တွေ့ရှိရပေသည်။ ထိုခေတ် အခါက တိုက်စစ်တစ်ခုဆင်နွှဲပြီဆိုလျှင် အမြောက်များကို ကြာမြင့်စွာအချိန်ယူ၍ အကြီးအကျယ် ပစ်ခတ်ပြီးနောက် လူထောင်ပေါင်းများစွာသည် စီရပ် စမျဉ်းများမှစ၍ ရန်သူ့ခံစစ်စည်းအား ရင်ပေါင်တန်းဖြန့်၍ တက်ရောက်ချေမှုန်းလေ့ရှိကြပါသည်။ ထိခိုက်ကျဆုံးသူ မြောက်မြားစွာဖြစ်ပေါ် စေပြီး တစ်ကြိမ်နှင့်မအောင်မြင်လျှင် ယင်းပုံစံအတိုင်းထပ်မံ၍ တိုက်ခိုက်ကြပြန်သည်။ ဂျာမန်များက ဗာဒန်တိုက်ပွဲကိုဆင်နွှဲကြရာ၌မူ ရှည်လျားလှစွာသော ရင်ပေါင်တန်းလူအုပ်ကြီးကို အသုံးမပြုဘဲ အဖွဲ့ငယ်ကလေးများသည် ရန်သူ့အတွင်းပိုင်းသို့ လျှို့ဝှက်စွာစိမ့်ဝင်သွား၍ ပျော့ကွက်နေရာများကို ရှာဖွေတိုက်ခိုက်ခြင်းဖြင့် အကျအဆုံးအနည်းငယ်ဖြင့် အောင်မြင်မှုအကြီးအကျယ် ရခဲ့ပေသည်။ ဤတိုက်ပွဲတွင်အမြောက်ကို အချိန်တိုကလေးအတွင်းသာ ပစ်ခတ်ပေးခြင်းဖြင့်လည်း အလစ်အငိုက် ကိုရရှိခဲ့ပေသည်။ စိမ့်ဝင်ခြင်းနည်းစနစ်ကို ဂျာမန်များကဦးစွာပထမ လက်တွေ့ကျင့်သုံးခဲ့သော်လည်း စိမ့်ဝင်ခြင်းသဘောတရားကို စတင်ခဲ့သူများကား ပြင်သစ်အရာရှိငယ် ဗိုလ်ကြီး လတ်ဖတ် (Capt. Laffargue) ဖြစ်သည်။ ၎င်းကရန်သူကို ရင်ပေါင်တန်းတိုက်မည့်အစား မောင်းပြန်လက်နက်များ ကိုင်ဆောင်ထားသည့် အဖွဲ့ငယ်နှစ်ဖွဲ့ သို့မဟုတ် သုံးဖွဲ့သည် ပြင်းထန်သောအမြောက်ပစ်အား နောက်မှကယ်ပေါက်များအတွင်း ကပ်လိုက်သွားခြင်းဖြင့် ရန်သူ့ခံစစ်စည်းအတွင်း ခြေကုပ်ယူနိုင်မည် ဖြစ်ကြောင်း၊ ၁၉၁၅ ခုနှစ်၊ ဗင်မီတောင်ကြောတိုက်ပွဲ (Vimyridge) အပြီး၌ဖော်ပြခဲ့သည်။ ဗိုလ်ကြီး လတ်ဖတ်၏အမြင်မှာ ရန်သူ့နေရာများကို တိုက်ရိုက်တက်မတိုက်သေးဘဲ အမြောက်ပစ်အားကြောင့်

ပေါ်ပေါက်လာသော ကယ်ပေါက်နေရာများမှ လျှို့ဝှက်စွာစိမ့်ဝင်ပြီး ရန်သူ့နောက်ကျောတွင် အရေးကြီးမြေနေရာများ ဦးစွာသိမ်းပိုက်ရန်ဖြစ်ပေသည်။ ဂျာမန်ဗိုလ်ချုပ်ကြီး လူဒင်ဒေါ့ (Gen. Ludendoff) က ၁၉၁၆ ခုနှစ်တွင် လတ်ဖတ်၏ အယူအဆအား စိမ့်ဝင်ခြင်းတိုက်နည်းတစ်ရပ်အဖြစ် အောင်မြင်စွာပြုပြင်ဖန်တီးနိုင်ခဲ့ပေသည်။

ပထမကမ္ဘာစစ်ကာလတွင် ဂျာမန်တို့ကျင့်သုံးခဲ့သည့် စိမ့်ဝင်တိုက်နည်းကို လေ့လာသုံးသပ်ပြီး ဒုတိယကမ္ဘာစစ်ကာလတွင် နိုင်ငံအတော်များများမှ တပ်မတော်များက စစ်နည်းဗျူဟာတစ်ရပ်အဖြစ် လက်တွေ့ကျင့်သုံးခဲ့ပေသည်။ အထူးသဖြင့်အရှေ့ဘက်စစ်မျက်နှာတွင် ဆိုဗီယက်တပ်နီတော်က ကျင့်သုံးခဲ့သည့် ကျယ်ပြန့်စွာစိမ့်ဝင်နည်းသည် အထူးထင်ရှားခဲ့ပေသည်။ လစ်ဒယ်လ်ဟတ်က ဆိုဗီယက်တပ်မတော်ကျင့်သုံးခဲ့သည့်ပုံစံကို "ပုရွက်ဆိပ်မဟာဗျူဟာ" ဟု သမုတ်ခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် ပထမနေ့၊ ပထမညတွင် ဆိုဗီယက်တပ်ဖွဲ့ဝင်အချို့ကို ရန်သူ့နောက်ပိုင်းနယ်မြေတွင် တွေ့ရလျှင် ဒုတိယည၌အင်အားများပြားလာပြီး နောက်ပိုင်းတွင် အုံလိုက်ခဲလိုက်ဖြစ်လာလေ့ရှိသောကြောင့် ဖြစ်ပါသည်။ ဆိုဗီယက်များနည်းတူ ယူဂိုဆလပ်ပါတီဇင်ပြောက်ကျားများသည်လည်း စိမ့်ဝင်နည်းကို တပ်ရင်းအဆင့်၊ တပ်မဟာအဆင့်အထိပင် ကျင့်သုံးခဲ့ကြသည်ကို တွေ့ရှိရပါသည်။ မည်သို့ပင်ဖြစ်စေ ဒုတိယကမ္ဘာစစ်ကာလတွင်လည်း ဂျာမန်စစ်သည်တော်များသည်ပင် ပထမတန်းစား စိမ့်ဝင်တိုက်ခိုက်သူများအဖြစ် နာမည်ရခဲ့ကြသည်သာဖြစ်ပါသည်။ ဂျာမန်ခြေလျင်စစ်သည်များသည် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲဖြင့် မဟာမိတ်တပ်ဖွဲ့များ၏ နောက်ကျောတွင် မကြာခဏ တိုက်ပွဲဝင်ခဲ့ကြသည့်အပြင် ဂျာမန်ခံစစ်စခန်းတစ်ခုကို မသိမ်းပိုင်နိုင်မီအချိန်တွင် ဘယ်ကပေါ်လာမှန်းမသိသော အင်အားဆယ်ယောက်မှ နှစ်ဆယ်အထိပါဝင်သည့် ဂျာမန်အဖွဲ့ငယ်၏ တန်ပြန်တိုက်ခိုက်မှုကို မဟာမိတ်များအနေဖြင့် အမြဲလိုလိုခံခဲ့ရကြောင်း လေ့လာတွေ့ရှိရပေသည်။

ဒုတိယကမ္ဘာစစ်ပြီးသည့်နောက်ပိုင်း ထင်ရှားသော စိမ့်ဝင်တိုက်ခိုက်နည်းကို ကိုရီးယားတိုက်ပွဲတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ကျင့်သုံးခဲ့ပေသည်။ ၁၉၅၀ ပြည့်နှစ် ဆောင်းဦးပေါက်ရာသီ၌ တရုတ်တပ်မတော်သည် အင်အားသုံးသိန်းကို ကိုရီးယားတောင်ကုန်းများပေါ်တွင် လျှို့ဝှက်စွာစိမ့်ဝင်စေ၍ တပ်စွဲနိုင်ခဲ့ပါသည်။ တရုတ်တပ်မတော်မှတပ်မတိုင်းသည် တစ်နေ့လျှင် ၁၈ မိုင် နှုန်းဖြင့် ၁၈ ရက်တိုင် လေကြောင်းထောက်လှမ်းရေးများကိုရှောင်ကွင်း၍ ညအချိန်တွင် ကိုရီးယားနိုင်ငံတွင်းသို့ ခြေလျင်စိမ့်ဝင်နိုင်ခဲ့ကြောင်း တွေ့ရပါသည်။ ခြေလျင်သက်သက်ဖြင့်သာ ဖွဲ့စည်းထားသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အနေဖြင့် စက်မှုနည်းစနစ်နှင့် စစ်လက်နက်ပစ္စည်းအပိုင်းတွင် ခေတ်အမီဆုံးသော အမေရိကန်အမှတ် (၈) တပ်တော်ကို စိမ့်ဝင်တိုက်ခိုက်ခြင်းနည်းစနစ်ဖြင့် အနိုင်ယူခဲ့ပေသည်။

ဗီယက်နမ်တိုက်ပွဲစဉ်များကိုလေ့လာလျှင် ဗီယက်နမ်တို့၏ စိမ့်ဝင်ခြင်းနှင့် အမေရိကန်တို့၏ စိမ့်ဝင်မှုတားဆီးခြင်း (Anti-Infiltration) နည်းဗျူဟာများကိုသာ အထင်အရှားတွေ့ရမည်ဖြစ်ပေသည်။ မြောက်ဘက်တွင် မြစ်နီမြစ်ဝကျွန်းပေါ်ဒေသနှင့် တောင်ဘက်တွင်မဲခေါင်မြစ်ဝကျွန်းပေါ်

ဒေသကို ဆက်သွယ်ထားသော ဟိုချီမင်းတောလမ်းကလေးသည် ၁၉၃၆ ခုနှစ်က အထမ်းသမားများနှင့် စက်ဘီးများလောက်သာ စိမ့်ဝင်နိုင်ခဲ့သည့် အနေအထားမှ ၁၉၇၅ ခုနှစ်တွင် အလတ်စားတင့်များ၊ လေကြောင်းကာကွယ်ရေးလက်နက်ကြီးများ၊ အမြောက်ကြီးများနှင့်အတူ တပ်မပေါင်းနှစ်ဆယ်ခန့်ကို ရွှေ့ပြောင်းပေးနိုင်သည့် အနေအထားသို့ရောက်အောင် တိုးတက်ခဲ့သည်ကိုတွေ့ရှိရသဖြင့် အမေရိကန်တို့၏ စိမ့်ဝင်မှုတားဆီးခြင်းမှာ အောင်မြင်မှုမရှိကြောင်း ထင်ရှားပါသည်။

၁၉၆၇ ခုနှစ်က အမေရိကန်တို့၏ အမှတ် (၁) စစ်မြေပြင်တပ်ဖွဲ့ကြီး၏ တပ်မှူးဖြစ်ခဲ့ဖူးသူ ဗိုလ်ချုပ်ကြီး ဘရုစ်ပါးလ်မန်း (Gen. Bruce Palmen. Jr.) က ၎င်း၏ "၂၅ နှစ်စစ်ပွဲ" အမည်ရှိ စာအုပ်တွင် "ဗိုလ်ချုပ်ကြီး ဝက်စ်မိုးလင်း (Gen. Westmoreland) အနေဖြင့် ဟိုချီမင်းလမ်းကြောင်းတွင် ပါဝင်သော ကုန်းပိုင်းနှင့် ရေပိုင်းစိမ့်ဝင်လမ်းများကို ပိတ်ဆို့ဖြတ်တောက်ရန်အတွက် လာအိုနိုင်ငံ၏ ထိုးထွက်နေသောနယ်မြေတွင် စစ်ဆင်ရေးလုပ်နိုင်မည့် အမိန့်အာဏာကို အစပထမကတည်းက ရှာဖွေခဲ့သည်" ဟု ဖော်ပြထားပါသည်။ ဗိုလ်ချုပ်ကြီး ဝက်စ်မိုးလင်းကလည်း "စစ်သည်တစ်ဦး၏ အစီရင်ခံစာ" အမည်ရှိစာအုပ်၌ "ဟိုချီမင်းလမ်းမှ စိမ့်ဝင်မှုကို ပိတ်ဆို့ဖြတ်တောက်ရန်အတွက် တပ်မသုံးခုပါဝင်သော တပ်မကြီးတစ်ခုလိုအပ်မည်ဖြစ်ရာ ၎င်းအနေဖြင့် ဤမျှများပြားသောတပ်ကို ဗီယက်နမ်တောင်ပိုင်းစစ်ဆင်ရေးနယ်မြေမှ အချိန်ကြာမြင့်စွာ ထုတ်ပေးနိုင်ခြင်းမရှိ" ဟု ရေးသားထားပါသည်။

ဗိုလ်ချုပ်ကြီး ဟာရိုးလ်ကေဂျွန်ဆင် (Gen. Herold K. Johnson) ဦးစီးသည့် အမေရိကန်စစ်ဦးစီးအဖွဲ့အနေဖြင့်လည်း ဗီယက်နမ်တို့၏ စိမ့်ဝင်မှုတားဆီးရေးအစီအမံတစ်ခုအဖြစ် စစ်မဲ့ဇုန်တောင်ခြမ်းနှင့်ပြိုင်လျက် ဗီယက်နမ်ကမ်းခြေမှ လာအိုနယ်မြေကိုဖြတ်လျက် ယိုးဒယားအမြန်လမ်းမကြီးအထိ ရှည်လျားသော အမှတ် (၉) လမ်းမကြီးကို တည်ဆောက်ရန်ကြံစည်ခဲ့ဖူးပါသည်။ အနောက်ဥရောပနိုင်ငံများမှ အင်ဂျင်နီယာတပ်ဖွဲ့ကြီးများ၊ ၎င်းတို့ကိုလုံခြုံရေးပေးမည့်တပ်များ အပါအဝင် အရင်းအမြစ်အများအပြားကို အသုံးပြုရမည်ဖြစ်ရာ ဝါရှင်တန်မှတာဝန်ရှိသူများက နောက်ပိုင်းတွင် စိတ်ဝင်စားမှုလျော့နည်းခဲ့သည်။ ဗီယက်နမ်တောင်ပိုင်း စစ်မြေပြင်ကို ထီးထီးဖြစ်ရန် ရည်ရွယ်၍ ဗီယက်နမ်မြောက်ပိုင်းအား အကြီးအကျယ်ဗုံးကြဲခြင်း နှင့် ရေကြောင်းပိတ်ဆို့မှုကို အကြီးအကျယ်ပြုလုပ်ခဲ့သော်လည်း အဓိကစိမ့်ဝင်လမ်းကြောင်းများကို မပိတ်ဆို့နိုင်ခဲ့၍ ဗီယက်နမ်စစ်ပွဲတွင် အမေရိကန်များအနေဖြင့် အောင်မြင်မှုမရခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါထင်ထင်ရှားရှား ပေါ်လွင်နေပြီဖြစ်ပါသည်။ တစ်ဖက်မှပြန်ကြည့်လျှင်လည်း စိမ့်ဝင်မှုကို ထိထိရောက်ရောက်တားဆီးရသည့် လုပ်ငန်းသည် လူအင်အားလက်နက်ပစ္စည်းအင်အား၊ အရင်းအမြစ်အင်အား အဆမတန်ကုန်ကျမည့် လုပ်ငန်း တစ်ရပ်အဖြစ် မြင်တွေ့နိုင်ပေသည်။

မြန်မာ့သမိုင်းကိုလေ့လာလျှင် ဧရန်မန်ကန်းလက်မှ စောလူးမင်းကိုကယ်တင်ရန်ကြိုးစားသည့် ကျန်စစ်သားမင်း၏ လုပ်ရပ်၊ စစ်ကိုင်းစား အသင်္ခယာစောယွန်းအား လုပ်ကြံရန် နန်းတွင်းသို့ဝင်ရောက်ခဲ့ပြီးမှ ပတ္တမြားကျောက်စီဓားကိုယူ၍ ပြန်လာခဲ့သော ငခင်ညို၏ ဆောင်ရွက်ချက်၊ ကျူး

မြို့ရိုးနှင့် အခိုင်အမာနေ၍ ပုန်ကန်ခြားနားသော တောင်တွင်းစားအား အင်းဝဘုရင် သတိုးမင်းစော က ဆင်မြင်းအလုံးအရင်းဖြင့် ချီတက်ဝိုင်းဝန်းသော်လည်း မရဘဲဖြစ်နေစဥ် ငတက်ပြားက တောင်တွင်းမြို့အတွင်းသို့ လျှို့ဝှက်စွာဝင်၍ လေးသည်တော်ကြီးကို လုပ်ကြံလိုက်မှ အညံ့ခံခဲ့သော ဖြစ်ရပ်၊ ဘကြီးတော်ဘုရားလက်ထက် မြန်မာတို့ခန့်အပ်ထားသော မဏိပူရမြို့စား ကန္ဒီဝန်သည် အလုံးအရင်းကြီးစွာဖြင့် ဝန်းရံထားသော မဏိပူရစော်ဘွား၏တပ်များအတွင်းမှ စိမ့်ထွက်ရန် မြန်မာ တပ်သားငါးယောက်ကို စေလွှတ်တာဝန်ပေးခဲ့သည့် လုပ်ရပ်တို့သည့် စိမ့်ဝင်ခြင်း နှင့် ပတ်သက်နေ သည့် မြန်မာတို့၏ စစ်ရေးလှုပ်ရှားမှုများဖြစ်ကြောင်း တွေ့ရှိရပေသည်။

**နောက်ကျောသို့ ဝင်ရောက်ခြင်း**

ရန်သူ့နယ်မြေအတွင်း စိမ့်ဝင်ခြင်း သို့မဟုတ် နောက်ကျောသို့ဝင်ရောက်ခြင်းသည် အလေ့ အကျင့်မရှိသော တပ်များက အထူးစိုးရိမ်ကြောင့်ကြစရာ လုပ်ငန်းတစ်ရပ်အဖြစ် မြင်တတ်ကြပေ သည်။ ရန်သူဘယ်မှာရှိသည်၊ ဘာလုပ်နေသည်ကိုသိရှိပြီး ရန်သူနှင့်ကင်းဝေးသောနေရာမှ ရှောင်ကွင်းချီတက်ခြင်း၊ ရန်သူကိုလှည့်စား၍ တစ်ဖက်သို့ဆွဲထုတ်သွားပြီး အခြားတစ်ဖက်မှ ဝင်ရောက်ခြင်း၊ မိမိစိတ်ကြိုက်အချိန်၊ နေရာ၊ လမ်းကြောင်း၊ လမ်းကြောင်းကိုစိမ့်ဝင်သူက ရွေးချယ် ခွင့်ရခြင်းစသည့် အခွင့်အရေးများ ရရှိသောကြောင့် စိမ့်ဝင်ခြင်းသည် ရန်သူ့အခြေအနေ၊ မြေအခြေ အနေကိုမသိရဘဲ အလောတကြီးချီတက်ရခြင်းထက် ပို၍အန္တရာယ်ကင်းကြောင်း တွက်ချက်သိရှိ နိုင်ပေသည်။ အတော်အသင့်ကျယ်ဝန်းသော စိုက်ပျိုးရေးခြံကြီးအတွင်း ခြံစောင့်တစ်ဦး၊ သို့မဟုတ် နှစ်ဦးကို လှည့်စား၍ဖြစ်စေ၊ ၎င်းတို့၏အလေ့အကျင့်ကို အခွင့်ကောင်းယူပြီး ပုန်းလျှိုး၍ဖြစ်စေ ယင်း စိုက်ပျိုးရေးခြံကြီးအတွင်းသို့ ဝင်ရောက်ရန်မခက်ခဲသကဲ့သို့ပင် စိမ့်ဝင်ခြင်းဆိုသည့် အပိုင်းသည် ယေဘုယျအားဖြင့်ကြည့်လျှင် စိုးရိမ်စရာဟုထင်ရသော်လည်း အမှန်တကယ်အကွက်ချ၍လုပ်ဆောင် တတ်လျှင် ခဲယဥ်းသောလုပ်ငန်းတစ်ရပ် မဟုတ်ကြောင်း တွေ့ရမည်ဖြစ်ပေသည်။ "စိမ့်ဝင်သော တပ် တစ်တပ်အနေဖြင့် လုံးလုံးလျားလျားချေမှုန်းခံရခြင်း၊ သို့မဟုတ် အထိအခိုက်အကျအဆုံး အထူး များပြားခြင်းကို ကိုယ်တိုင်အတွေ့အကြုံအရ တစ်ကြိမ်တစ်ခါမျှမရှိခဲ့ပါ" ဟု ယူဂိုဆလပ်တပ်မတော်မှ ဗိုလ်မှူးကြီး ဗိုဇင်နိုဗစ် (Col. Vojinovic) က ၎င်း၏ စိမ့်ဝင်ခြင်းအမည်ရှိ စာအုပ်တွင် ဖော်ပြထားပါ သည်။ "ထို့ကြောင့် ကျွန်ုပ်တို့သည် စိမ့်ဝင်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမည်ကို စိုးရွံ့သည့်ကြောက်စိတ် အား ရာသက်ပန်စွန့်ပစ်နိုင်ရန်လိုသည်" ဟု ၎င်းက ဆက်လက်ဖော်ပြထားပါသည်။

ပထမကမ္ဘာစစ်ကာလက ရန်သူ့နောက်ကျောသို့ စိမ့်ဝင်ရန်အတွက် မြေပြင်ခရီးကိုသာ အဓိက ထားခဲ့ကြသော်လည်း ဒုတိယကမ္ဘာစစ်ကာလတွင် ရန်သူ၏ရှေ့တန်းခံစစ်စည်းများကို လျှို့ဝှက်စွာ ဖြတ်ကျော်ရန်အတွက် ကုန်းလမ်းခရီးသာမက လေကြောင်းခရီး၊ ရေကြောင်းခရီးများကိုပါ သုံးစွဲခဲ့ကြ သည်ကို တွေ့ရှိရပါသည်။ လေကြောင်းနှင့် ရေကြောင်းမှ စိမ့်ဝင်ခြင်းများသည် မျက်မှောက်ခေတ် တွင် ပိုမိုအရေးပါလာခဲ့သော်လည်း ကုန်းကြောင်းခရီးမှစိမ့်ဝင်ခြင်းသည်သာ အဓိကကျနေဆဲပင် ဖြစ်ပါသည်။ ရန်သူ့နောက်ကျောသို့ စိမ့်ဝင်ရန်အကောင်းဆုံးတပ်မှာ

ဒေသခံပြောက်ကျားများ ဖြစ်ပေသည်။ ၎င်းတို့သည် ရန်သူ့နောက်ကျောတွင် ထာဝရနေထိုင်ပြီး ရှင်သန်လှုပ်ရှားနိုင်သော အဖွဲ့များ ဖြစ်ပေသည်။ နယ်မြေတစ်ခုမှဆုတ်ခွာသွားသော သမားရိုးကျတပ်များ၏ အစိတ်အပိုင်း အချို့သည်လည်း အချိန်ကာလအကန့်အသတ်တစ်ခုအထိ ရန်သူ့နောက်ကျောတွင် နေနိုင်စွမ်း ရှိကြ၏။ ၎င်းတို့အနေဖြင့် ပေးအပ်ထားသော ရည်မှန်းချက်တာဝန်များ ပြီးမြောက်လျှင် မိခင်တပ်နှင့် ပြန်ပူးပေါင်းကြရပါသည်။ ဒေသခံပြောက်ကျားတပ်များက သမားရိုးကျတပ်များ၏ စိမ့်ဝင်နိုင်သော အစိတ်အပိုင်းကို ထိရောက်စွာ အထောက်အကူပေးနိုင်ပါသည်။ အစားအစာနှင့် နေရာထိုင်ခင်း ထောက်ပံ့ခြင်း၊ လူနာများရွှေ့ထုတ်ပေးခြင်း၊ စောင့်ရှောက်ပေးခြင်း၊ စိမ့်ဝင်သောတပ်နှင့်အတူ စစ်ဆင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ၎င်းတို့အနေဖြင့် ဆောင်ရွက်နိုင်စွမ်းရှိကြပါသည်။

မျက်မှောက်ခေတ်တွင် စိမ့်ဝင်ရန်အတွက် ယာဉ်အမျိုးမျိုးကိုအသုံးချနေပြီ ဖြစ်သည်။ လမ်းကြောင်းရှာသူများ၊ လေထီးစစ်သည်များက ရန်သူ့နောက်ကျောသို့ လေထီးဖြင့်ခုန်ဆင်း၍ စိမ့်ဝင်ခြင်း၊ စက်မဲ့ယာဉ်ပျံများ (Gliders) ဖြင့် စိမ့်ဝင်ခြင်းများသည် အတိုင်းအဆတစ်ခုအထိ လျှို့ဝှက်မှုရှိသော်လည်း ရန်သူ့ရေဒါမှမမြင်နိုင်အောင် ဖုံးကွယ်ထား၍ ရမည်မဟုတ်ပေ။ တိုက်ခိုက်ရေးရဟတ်ယာဉ်များသည် မြေပြင်ကွန်တိုမျဉ်းအတိုင်း ရှပ်၍ပျံသန်းခြင်း (Contour Flight) ဖြင့် စိမ့်ဝင်ခြင်းကို ဗီယက်နမ်စစ်ပွဲ၌ အမေရိကန်တပ်များ အများဆုံးအသုံးပြုခဲ့သည်။ ၎င်းနည်းလမ်း သည် အနာဂတ်ကာလတွင် နိုင်ငံတကာတပ်မတော်များက တွင်တွင်ကျယ်ကျယ်အသုံးပြုလာမည့် နည်းလမ်းတစ်ရပ်ဖြစ်သည်ဟု ယုံကြည်ရပေသည်။ ရန်သူ့ရေဒါမှဖမ်း၍မရနိုင်သော (Stealth) ဗုံးကြဲလေယာဉ်များဖြင့် ရန်သူ့လေကြောင်းပိုက်နက်အတွင်း ဝင်ရောက်နိုင်သကဲ့သို့ အနာဂတ်ကာလတွင် အလားတူလေယာဉ်မျိုးဖြင့် ရန်သူ့နောက်ပိုင်းသို့ တပ်ဖွဲ့ဝင်များစိမ့်ဝင်နိုင်ကြမည်မှာ မလွဲဧကန် ဖြစ်သည်။

လေကြောင်းခရီးမှ နည်းလမ်းအသွယ်သွယ်ဖြင့် စိမ့်ဝင်သည့်နည်းတူ ရေကြောင်းမှလည်း ရေငုပ်သင်္ဘောများ၊ ရှပ်ပြေးယာဉ်များ၊ အမြန်နှုန်းမြင့်မားသော တိုက်လှေများ၊ တံငါလှေများနှင့် ရော်ဘာလှေငယ်များဖြင့် စိမ့်ဝင်နိုင်ကြပါသည်။ ရေကြောင်းမှစိမ့်ဝင်သူများအနေဖြင့် ကမ်းတက်တိုက်ခိုက်မည့် တပ်အတွက် လမ်းကြောင်းရှာပေးခြင်း၊ ရေတပ်အမြောက်ကြီးများအတွက် အကဲကြည့်ပေးခြင်း၊ ပေါင်းကူးခြေကုပ်နေရာကို ကြိုတင်သိမ်းပိုက်ထားခြင်း၊ ရန်သူ့ကမ်းခြေစောင့်တပ်ခွဲ၏ စွမ်းရည်ကို ယုတ်လျော့စေခြင်း စသည်တို့ကို ထိရောက်စွာပြုလုပ်နိုင်မည်ဖြစ်ပေသည်။

နိုင်ငံတကာတပ်မတော်များတွင် လေကြောင်းနှင့် ရေကြောင်းမှ စိမ့်ဝင်သူများကို အထူးစစ်ဆင်ရေးတပ်များအဖြစ် သီးခြားလေ့ကျင့်ဖွဲ့စည်းထားလျက်ရှိပေသည်။ ကုန်းလမ်းခရီးမှ စိမ့်ဝင်ခြင်းကို ကြည်း/ရေ နှစ်သွယ်သွားယာဉ်များ၊ ကင်းထောက်ယာဉ်များကို အသုံးပြုနိုင်ကြသော်လည်း မြေပြင်ရှာဖွေရေးရေဒါများ၊ မြေပြင်ကြီးကြပ်ရေးကိရိယာများ အစရှိသော ခေတ်မီအီလက်ထရွန်နစ်

ထောက်လှမ်းရေးကိရိယာများကို ရှောင်ကွင်းရန် မလွယ်ကူပေ။ ယာဉ်များ၏စက်သံနှင့် ဘီးရာများ သည် လျှို့ဝှက်မှု၏ရန်သူများဖြစ်ကြသည်။

ခေတ်မီထောက်လှမ်းရေးကိရိယာများကို ရှောင်ကွင်း၍ စိမ့်ဝင်နိုင်ရန်အတွက် ရှည်လျားသော ဥမင်လိုဏ်ခေါင်းကြီးကို ကိုရီးယားစစ်မဲ့ဇုန်အောက်တွင် တူးထားကြောင်း မကြာသေးမီက တွေ့ရှိခဲ့ ကြပေသည်။ မည်သို့ပင်ဖြစ်စေ ကုန်းလမ်းခရီးတွင် စိမ့်ဝင်ရန် အကောင်းဆုံးနည်းလမ်းမှာ မြေပြင် အခြေအနေနှင့် ရာသီဥတုကို အကျိုးရှိရှိအသုံးချ၍ ခြေလျင်စိမ့်ဝင်ရန်ပင်ဖြစ်သည်။ လူတစ်ဦးချင်း ဖြတ်သန်းသွားလာမှုကိုပင် ထောက်လှမ်းသိရှိနိုင်သော ကြီးကြပ်ရေးကိရိယာများရှိနေသော်လည်း မည်သည့်အခါတွင်မှ လုံလုံလောက်လောက်ချထားခြင်း မပြုနိုင်သော ယင်းကိရိယာများကို ရှာဖွေ ဖျက်ဆီးခြင်းဖြင့်သော်လည်းကောင်း၊ လှည့်စားမှုပြု၍သော်လည်းကောင်း စိမ့်ဝင်နိုင်ကြမည်ဖြစ်ပေ သည်။

**ရှိခဲ့ဖူးသော အယူအဆများ**

ဒုတိယကမ္ဘာစစ်ပြီးစကာလက စိမ့်ဝင်ခြင်းနှင့် ပတ်သက်၍ အယူအဆနှစ်ရပ်ဖြစ်ခဲ့ဖူးပါသည်။

ပထမအယူအဆမှာ စိမ့်ဝင်ခြင်းသည် လူအင်အား၊ စစ်လက်နက်ပစ္စည်းအင်အား ချို့တဲ့သော တပ်မတော်အငယ်စားလေးများအတွက်သာ သင့်လျော်သည့် နည်းစနစ်တစ်ရပ်ဖြစ်သည်ဟူ၍ ဖြစ်ပါ သည်။

ဒုတိယအယူအဆမှာ လူ/လက်နက်ပစ္စည်းပြည့်စုံသော တပ်မတော်ကြီးများသည် စိမ့်ဝင်နိုင် စွမ်းရှိသည့် တပ်ဖွဲ့များမပါရှိဘဲ အင်္ဂါမစုံနိုင်ဟူသော အယူအဆဖြစ်ပါသည်။

ဤအယူအဆနှစ်ရပ်အတွက် အဖြေကိုဆယ်စုနှစ်လေးစုကျော်လာသောအခါ အဆုံးအဖြတ် ပေးခဲ့ပြီးဖြစ်ပါသည်။ စိမ့်ဝင်ခြင်းကို ယခုအခါစစ်ကစားမှုပုံစံတစ်ခုအဖြစ် လက်ခံထားပြီဖြစ်ရာ မည်သည့်တပ်မတော်မဆို စိမ့်ဝင်ခြင်း၏စွန့်စားမှုမပါဘဲ စစ်ကစားမှုသည် ပီပြင်လိမ့်မည်မဟုတ် ကြောင်း ယုံကြည်နေကြပြီဖြစ်သည်။ ချို့တဲ့သောတပ်ဖွဲ့ငယ်များအတွက် စိမ့်ဝင်ခြင်းသည် မိမိတို့၏ ရှင်သန်လွတ်မြောက်မှုအတွက်လည်းကောင်း၊ အင်အားကြီးသော ရန်သူကိုယှဉ်နိုင်ရန်အတွက် လည်းကောင်း၊ အထူးအကျိုးကျေးဇူးရှိသည့် နည်းစနစ်ဖြစ်သကဲ့သို့ အင်အားကြီးတပ်မတော်ကြီးများ အတွက်လည်း မိမိတို့၏အင်အားကို အထိရောက်ဆုံးနှင့် အချွေတာဆုံးသုံးစွဲရန်အတွက် စိမ့်ဝင်ခြင်း ကို အသုံးပြုကြရမည်ဖြစ်ပေသည်။ စစ်အင်အားကိုချွေတာသုံးစွဲခြင်းသည် စစ်အောင်ရာသော အကြောင်းတစ်ရပ်ပင်ဖြစ်၍ ဤအချက်ကို ပေါ့ပေါ့တန်တန်မတွက်ဆသင့်ပါပေ။

အင်အားကြီးမားလှသော တပ်ဖွဲ့ကြီးများ၊ လျင်မြန်စွာစစ်ကစားနိုင်စွမ်းများ၊ ထူထပ်ကျယ်ပြန့် လှစွာသော ရှေ့တန်းခံစစ်ကြောင်းအတားအဆီးများသည် မျက်နှာစာတစ်ဖက်မှအင်နှင့်အားနှင့် တိုက် လာမည့် ရန်သူကိုကောင်းစွာ ဟန့်တားကောင်းဟန့်တားနိုင်မည် ဖြစ်သော်လည်း ကျွမ်းကျင်သော

တပ်ငယ်များ၏စိမ့်ဝင်မှုကိုကား မည်သို့မျှဟန့်တားနိုင်မည်မဟုတ်ကြောင်း ဗီယက်နမ်စစ်မြေပြင် က သက်သေထူခဲ့ပြီး ဖြစ်ပါသည်။

## စိမ့်ဝင်မည့်တပ်

စိမ့်ဝင်မည့်တပ်သည် ပေါ့ပါးသွက်လက်ရမည်။ လက်နက်ဖွဲ့စည်းတပ်ဆင်မှုသည် အပေါ့ပါး ဆုံးနှင့် ပစ်နှုန်းမြန်သောလက်နက်များဖြင့် ဖွဲ့စည်းသင့်ပေသည်။ တိုက်ရိုက်ပစ်နောက်ပွင့်လက်နက် များသည် သွယ်ဝိုက်ပစ်လက်နက်များထက် ပို၍အသုံးဝင်မည်ဖြစ်သည်။ စစ်သည်များအနေဖြင့် မရောက်ဖူးသေးသော မြေပြင်ပေါ်တွင် မိမိတပ်အတွက် အကောင်းဆုံးသောလမ်းကောင်းကို မည်သူ့ အကူအညီမျှမပါဘဲ ရှာဖွေသွားလာနိုင်စွမ်းရှိရမည်ဖြစ်သည်။ မြေပြင်ကျွမ်းကျင်သော ဒေသခံများ ပါဝင်နိုင်လျှင် ပို၍ကောင်းမည်။ မျက်စိမှုန်၊ နားမကြား၊ ကိုယ်လက်မသန်စွမ်းသူများနှင့် ဖျားနာသူများ ချန်ထားသင့်သည်။ ကင်းထောက်ခြင်း၊ ချောင်းမြောင်းသွားလာခြင်း၊ ရန်သူ့ခံစစ်ဝန်းအား ချဥ်းကပ် ခြင်း၊ ရုတ်ခြည်းတိုက်ခိုက်ခြင်း၊ အတားအဆီးဖြတ်ကျော်ခြင်း၊ အနီးကပ် တိုက်ခိုက်ခြင်းလုပ်ငန်းများ ကျွမ်းကျင်ရမည်။ ထောက်ပံ့ပို့ဆောင်ခြင်းလုပ်ငန်းများကို အချိန်ကာလ အကန့်အသတ်အတွင်း မိမိ ဘာသာဖူလုံစေရမည်။ နောက်ပိုင်းကာလထောက်ပံ့ပို့ဆောင်ရေးကို လေကြောင်း သို့မဟုတ် ရေကြောင်း၊ သို့မဟုတ် ဒေသခံပြောက်ကျားများ၊ သို့မဟုတ် ကြိုတင်သိုဝှက် ထားသော နေရာများမှ တစ်ဆင့် ရယူဖြည့်တင်းနိုင်ရမည်ဖြစ်သည်။

စိမ့်ဝင်မည့်တပ်ကို ထမ်းဆောင်ရမည့် ရည်မှန်းချက်တာဝန်အလိုက် ဖွဲ့စည်းရမည်ဖြစ်ပေ သည်။ အထူးလိုအပ်ချက်များရှိလျှင် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ ထိရောက်သော အကူပစ် လက်နက်များ၊ အကဲကြည့်များ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များဖြင့် ပါဝင်ဖွဲ့စည်းနိုင်ပါသည်။ ရန်သူ့ နောက်ပိုင်းသို့ စိမ့်ဝင်ရာတွင် ရန်သူ၏ခံစစ်စည်းမျက်နှာစာရှိ ပျော့ကွက်များမှ စိမ့်ဝင်ခြင်းနှင့် ရန်သူ့ မျက်နှာစာ၏ ဝဲယာဖြစ်သောအခြားတပ်များ၏ နယ်မြေအတွင်းမှ စိမ့်ဝင်ခြင်းဟူ၍ နည်းလမ်းနှစ်ရပ် ရှိပေသည်။ ရည်မှန်းချက်တာဝန်၊ ရန်သူ့အခြေအနေ၊ မြေပြင်နှင့်ရာသီဥတုအခြေအနေ၊ မိမိတပ်ဖွဲ့ဝင် များ၏အခြေအနေ ရရှိနိုင်သည့်အချိန်တို့အပေါ် မူတည်သုံးသပ်၍ သင့်လျော်သောစိမ့်ဝင်လမ်းကို ရွေးချယ်အပ်ပေသည်။

စိမ့်ဝင်တပ်၏အရွယ်အစားမှာ လုံခြုံရေးနှင့် အောင်မြင်မှုအတွက် လိုအပ်ချက်အပေါ် မူတည် ၍ ချင့်ချိန်တွက်ချက်ရမည်ဖြစ်ပေသည်။ ရန်သူ့နောက်ပိုင်းသို့ လုံခြုံမှုရှိရှိဖြင့် တပ်အင်အားမြောက် မြားစွာစိမ့်ဝင်နိုင်လေ မြင့်မားသောအောင်မြင်မှုအတွက် အာမခံချက်ရရှိလေ ဖြစ်ပါသည်။ တပ်အနည်းငယ်သာ စိမ့်ဝင်နိုင်လျှင် ရန်သူ၏မျက်နှာစာတစ်ဖက်ကို တိုက်ခိုက်နေသော တပ်အတွက် အထောက်အကူအနည်းငယ်သာရမည်ဖြစ်သည်။ ရန်သူ၏နောက်ပိုင်းသို့ ကျယ်ပြန့်စွာစိမ့်ဝင် တိုက်ခိုက်ခြင်းသည် ရန်သူ့အတွက်မျက်နှာစာတွင် တိုက်အားအကြီးအကျယ်ယုတ်လျော့သွားစေ မည်မှာ ဧကန်ပင်ဖြစ်ပေသည်။ သို့ဖြစ်၍ ရန်သူ့နောက်ကျောသို့ စိမ့်ဝင်သောတပ်အတွက် အရွယ်

အစားရှိသော တပ်သည် ရန်သူ့မျက်နှာစာမှ လုံလုံခြုံခြုံဖြတ်သန်းနိုင်ခြင်းရှိမရှိ၊ နောက်ပိုင်းတွင် လုံလုံခြုံခြုံနေနိုင်ခြင်းရှိမရှိ ဆိုသည့်အချက်မှာ အဓိကချုပ်ကိုင်ထားသော အချက်ဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။

**စိမ့်မဝင်မီ**

ရန်သူ့အတွင်းပိုင်းသို့စိမ့်ဝင်မည့်တပ်သည် ကြိုတင်ပြင်ဆင်မှုမရှိဘဲ ရုတ်တရက်ချက်ချင်း လုပ်ဆောင်၍မရနိုင်ပါ။ အစီအစဉ်ရှိရှိဖြင့် အသေးစိတ်ပြင်ဆင်ရန်လိုအပ်ပါသည်။ အထူးသဖြင့် မိမိစိမ့်ဝင်မည့်နယ်မြေအတွင်း အသေးစိတ်ထောက်လှမ်းမှုများ ပြုလုပ်ရမည်ဖြစ်ပြီး ရန်သူ့တပ်ဖြန့်ခွဲပုံ၊ ရန်သူနေရာယူထားသော ကွက်လပ်များ၊ ရန်သူ၏လှည့်ကင်းစနစ်၊ ရန်သူအရန်တပ်နေရာ၊ အရေးကြီးသော မြစ်၊ ချောင်း၊ လမ်းများအား ဖြတ်ကူးရမည့်နေရာ၊ စိမ့်ဝင်ရန်လမ်း စသည်တို့ကို ထောက်လှမ်းဖော်ထုတ်ရမည်။ ရန်သူနှင့်အချိန်ကြာမြင့်စွာ ထိတွေ့ရင်ဆိုင်ထားရသော တပ်များအတွက် ရန်သူ့သတင်း အတိအကျရရှိရန်ပို၍ လွယ်ကူပေသည်။

သို့ရာတွင် ရန်သူ့သတင်းသည် မည်သည့်အခါတွင်မှ လိုအပ်သလောက်အကုန်အစင် ရနိုင်လိမ့်မည်မဟုတ်ပါ။ ထောက်လှမ်းရေးသတင်း မလုံလောက်မှုကြောင့် စိမ့်ဝင်ခြင်းနည်းစနစ်ကို အသုံးမပြုရဟုဆိုလျှင်ကား ခိုင်လုံသော အကြောင်းပြချက်မဖြစ်နိုင်ပါ။ သတင်းအချက်အလက်များသည် တိုက်ရိုက်မရနိုင်သော်လည်း စစ်ရေးသုံးသပ်ချက်ဖြင့် ကောက်ချက်ချနိုင်ရမည်ဖြစ်သည်။ တွက်ချက်ပြီး စွန့်စားတန်စွန့်စားရမည်ဖြစ်သည်။

ရရှိသည့်သတင်းအချက်အလက်ပေါ်မူတည်၍ ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်နှင့် ကိုက်ညီအောင် တပ်စုဖွဲ့မှုကို ဆက်လက်ပြုစုရမည်ဖြစ်သည်။ တပ်စုဖွဲ့ရာတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မှုအတွက် အဓိကထားစုဖွဲ့ရမည် ဖြစ်ပေသည်။ စုဖွဲ့ပြီးနောက် အသေးစိတ်ကျ၍ ပြင်းထန်သောဇာတ်တိုက်လေ့ကျင့်မှုသည် စိမ့်ဝင်ခြင်းအတွက် အချိန်ယူပြင်ဆင်ရမည့် လုပ်ငန်းဖြစ်သည်။ ရည်မှန်းချက်နှင့် အနီးကပ်ဆုံးနေရာအထိ ချဉ်းကပ်နိုင်ရန်အတွက် အသေးငယ်ဆုံးအရွယ်အစားအထိ တပ်များခွဲစိတ်၍ စိမ့်ဝင်ရန်လိုအပ်မည်ဖြစ်သည်။ လက်အောက်သို့ ကျယ်ကျယ်ပြန့်ပြန့် အာဏာခွဲဝေပေးရခြင်းမှာ စိမ့်ဝင်ခြင်း၏ထူးခြားသော လက္ခဏာတစ်ရပ်ဖြစ်သည်။ ဖြစ်နိုင်ဖွယ်ရာရှိသော အခြေအနေအားလုံးအတွက် အထက်မှပေးလာမည့်အမိန့်ကို စောင့်မျှော်နေခြင်းမပြုဘဲ လုပ်သင့်လုပ်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်တတ်ရန် လေ့ကျင့်ပေးရမည်ဖြစ်ပေသည်။

**စိမ့်ဝင်ရာတွင်**

ရန်သူ၏လှုပ်ရှားမှုကိုမြင်အောင် ထောက်လှမ်းသိရှိနိုင်မှ ရန်သူ၏အားနည်းချက်နေရာ၊ ပျော့ကွက်နေရာကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။ ရန်သူ့ပျော့ကွက်များကိုသိမှ မိမိစိမ့်ဝင်ရမည့် လမ်းကြောင်းတစ်ကြောင်း၊ သို့မဟုတ် လမ်းကြောင်းများကိုရွေးချယ်နိုင်လိမ့်မည် ဖြစ်သည်။ စိမ့်ဝင်

မည့်လမ်းကြောင်းများကို ရွေးချယ်ခြင်းနှင့် ရည်မှန်းချက်တာဝန်ကို ဆက်လက်ထမ်းဆောင်ရန် အတွက် တပ်များပြန်ဆုံကြမည့် ဆုံရပ်နေရာရွေးချယ်ခြင်းကို တစ်ပြိုင်တည်းလိုလိုဆောင်ရွက်ရမည် ဖြစ်သည်။ စိမ့်မဝင်မီလိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်ပြီးသည်နှင့် စိမ့်ဝင်ခြင်းကိုစတင်ရန် ရန်သူ့နေရာများအတွင်း၊ သို့မဟုတ် ရန်သူ့နေရာများတစ်ဝိုက်တွင် လှုပ်ရှားသွားလာနိုင်စွမ်းသည့် အရွယ်အစားအထိ တပ်ကိုခွဲထုတ်လိုက်ရမည်ဖြစ်သည်။ ထိုသို့ခွဲထုတ်ပြီးနောက် ကြိုတင်ပြင်ဆင်လေ့ကျင့်ထားသော နည်းလမ်းများနှင့် လမ်းကြောင်းများအတိုင်း ရန်သူ့အတွင်းပိုင်းသို့ စိမ့်ဝင်သွားရမည် ဖြစ်သည်။

ရွေးချယ်ထားသော စိမ့်ဝင်လမ်းသည် ရန်သူ၏မိုင်းကွင်းများ၊ ခြံစည်းရိုးများနှင့် အတားအဆီးများအား ဖြတ်ကျော်သွားရမည့်လမ်းဖြစ်ပါက ယင်းအတားအဆီးများကို အချိန်မီရှင်းလင်းထားနိုင်ရန် ကြိုတင်စီစဉ်ရမည်ဖြစ်ပြီး စိမ့်ဝင်ခြင်းပြုလုပ်ရာတွင် တတ်နိုင်သလောက် သေနတ်သံမထွက်ရန် လိုအပ်ပါသည်။ မရှောင်ကွင်းနိုင်သောရန်သူနှင့် ရင်ဆိုင်ရလျှင် အသံတိတ်စီစဉ်နိုင်ရန် အရေးကြီး၏။ စကားဝှက်များ၊ အချက်ပြမီးနှင့် မီးကျည်များ၊ ဆုံရပ်နေရာများကို အဆင့်အတန်းအားလုံး သိရှိနားလည်ထားရမည်ဖြစ်ပြီး ရန်သူအစုအဖွဲ့ကို မလွဲမရှောင်သာ တိုက်ခိုက်ရတော့မည်ဆိုလျှင် ရုတ်ခြည်းချုံခိုပုံစံနေရာယူပြီး ကိုက် ၃၀ မှ ကိုက် ၅၀ အတွင်း ပြင်းထန်သောပစ်အားဖြင့် တုန်လှုပ်ချောက်ချားစေမှုကို အသုံးပြု၍ အမြန်ဆုံးတိုက်ခိုက်ရမည်ဖြစ်သည်။ ဤသို့ဖြစ်ပါလျှင် စိမ့်ဝင်တပ်မှူးအနေဖြင့် လုံးဝနှောင့်နှေးခြင်းမရှိဘဲ မူလရည်မှန်းချက်တာဝန်ကို တက်သုတ်ရိုက်လုပ်ဆောင်ရမည်လား၊ မူလရည်မှန်းချက်ကို စွန့်လွှတ်ရတော့မည်လားဆိုသည့် အချက်နှစ်ချက်မှ တစ်ချက်ချက်ကို ရွေးရတော့မည်ဖြစ်သည်။ မူလရည်မှန်းချက်ကို လွယ်လွယ်ဖြင့်စွန့်ပစ်သူမှာ သူရဲဘောနည်းသူအဖြစ်သို့ ရောက်သွားရန်အလားအလာရှိသည်ကိုလည်း မမေ့အပ်ပေ။

အကယ်၍သာ သတ်မှတ်ထားသော ဆုံရပ်နေရာအထိ စိမ့်ဝင်လာသောတပ်အားလုံးသည် လျှို့ဝှက်စွာသေသေသပ်သပ် ချဉ်းကပ်နိုင်ခဲ့လျှင် အောင်မြင်မှုအတွက် ၅၀ ရာခိုင်နှုန်းသေချာသွားပြီဖြစ်သည်။ ဆုံရပ်နေရာရောက်ရှိပြီးလျှင် ပင်မတပ်သည် ဒေသန္တရလုံခြုံရေးနှင့် ရည်မှန်းချက်တာဝန်အောင်မြင်ရေးအတွက် လိုအပ်သည့်စုဖွဲ့မှုများကို ပြန်လည်ပြုလုပ်ကြရပြီး ခေါင်းဆောင်ပိုင်းက ရည်မှန်းချက်နေရာကို ကင်းထောက်ရသည်။ မူလစီမံချက်အားပြင်ဆင်ရန် လိုအပ်လျှင် အထက်ဌာန၏ လိုလားချက်ကို မထိခိုက်စေဘဲပြင်ဆင်သည်။ ပြီးလျှင်ရည်မှန်းချက်ကို ဆက်လက်အကောင်အထည် ဖော်သည်။

ရန်သူ့နောက်ပိုင်းနေရာတစ်ခုကို အဓိကစစ်ကြောင်းအနေဖြင့်ဖြစ်စေ၊ အထောက်အကူ စစ်ကြောင်းအနေဖြင့်ဖြစ်စေ၊ တိုက်ခိုက်ရန် သို့မဟုတ် လှုပ်ရှားမှုကိုဖြတ်တောက်ပိတ်ဆို့ ကန့်သတ်ရန်၊ သို့မဟုတ် အနီးကပ်ပစ်ကူပေးရန်အစရှိသည်ဖြင့် ရည်မှန်းချက်မှာအမျိုးမျိုးဖြစ်နိုင်သည်။ အရေးကြီးသည်မှာ ရန်သူ့နောက်ကျောကို စိမ့်ဝင်သောတပ်၏အနေအထားသည် အမြဲပြောင်းလွယ်ပြင်လွယ်ရှိနေသော အခြေအနေတွင်ထားရှိရခြင်းဖြစ်သည်။ အမြဲလှုပ်ရှား၊ အမြဲစစ်ကစားနေရမည်ဖြစ်ပြီး

ပုံသေအခိုင်အမာနေရာယူခြင်းများကို ရှောင်ရှားရမည်ဖြစ်သည်။ စိမ့်ဝင်သောတပ်မှူးသည် လျှင်မြန်စွာ လှုပ်ရှားနိုင်မှု၊ ရဲရင့်မှုနှင့် ဆုံးဖြတ်ချက်ပြတ်သားမှုရှိရမည်။ အထက်အမိန့်ရမှသာ လုပ်ရမည်ဆိုလျှင် မည်သည့်ကြီးကျယ်သော အောင်မြင်မှုကိုမျှမရနိုင်။ အဘယ့်ကြောင့်ဆိုသော် စိမ့်ဝင်သောတပ်မှူးလောက် အခြေအနေအသေးစိတ်ကို အထက်တပ်မှူးများမသိရှိနိုင်သောကြောင့် ဖြစ်သည်။ **မလုပ်ရဲ မကိုင်ရဲ၊ မလုပ်ချင် မကိုင်ချင်သော တပ်မှူးတစ်ယောက်သည် ထိုသို့မလုပ်ရသည့် အကြောင်းအတွက် အကောင်းဆုံးသောဆင်ခြေ ၎င်းတွင် အမြဲအသင့်ရှိနေမည်ဖြစ်သည်။ အမိန့်မရ၍မလုပ်မိခြင်းအတွက် ၎င်းသည်သင်ခန်းစာယူတတ်ရန် အကြောင်းမရှိ။** ထို့ကြောင့် စိမ့်ဝင်သောတပ်မှူးသည် ဝတ်ကျေတန်းကျေ လုပ်တတ်သူမျိုးမဖြစ်စေဘဲ ထိုးထွင်းဉာဏ်ကို ကောင်းစွာအသုံးချတတ်သူသာဖြစ်ရန်အထူးလိုအပ်ပေသည်။

ရန်သူ့နောက်ကျောကိုစိမ့်ဝင်သောတပ်ကို နောက်ပိုင်းမှထိန်းကျောင်းရသည့်တပ်မှူးကြီးသည် စိမ့်ဝင်သောတပ်မှူး၏ ထိုးထွင်းဉာဏ်နှင့် တာဝန်ဝတ္တရားထမ်းဆောင်ရသည့် လုပ်ငန်းအပိုင်း ကို မထိခိုက်စေဘဲ ဖြစ်နိုင်သမျှအခြေအနေအရပ်ရပ်ကို သိရှိအောင်ပြုလုပ်ရပေမည်။ သို့မှသာ မမျှော်လင့်သောအခြေအနေအတွက် လုပ်ဆောင်ရမည့် ၎င်း၏စီမံချက်များကို အချိန်မီအကောင်အထည် ဖော်နိုင်မည်ဖြစ်သည်။ စိမ့်ဝင်တပ်အတွက် လိုအပ်လျှင် အမြောက်ပစ်ကူ၊ လေကြောင်းနှင့် ရေကြောင်းပစ်ကူများ ပေးနိုင်ရမည်ဖြစ်ပေသည်။ နောက်ထပ်ဆက်လက်၍ လိုက်ပါမည့်တပ်များနှင့် ဆုံတွေ့ရမည့်ဆုံရပ်၊ အချိန်များသတ်မှတ်ပေးနိုင်ရမည်ဖြစ်သည်။ အရေးကြီးသည်မှာ စိမ့်ဝင်သောတပ်သည် အရွယ်အစားသေးငယ်၍လည်းကောင်း၊ အထောက်အကူမျှသာဖြစ်သည်ဟူ၍လည်းကောင်း မေ့မေ့လျော့လျော့ထားလိုက်ခြင်း လုံးဝမပြုလုပ်ရန် ဖြစ်ပေသည်။

စစ်ပွဲအကြောင်းလေ့လာသူများက အနာဂတ်ကာလတွင် ဖြစ်နိုင်ဖွယ်ရှိသောတိုက်ပွဲများသည် လူနေထူထပ်သော မြို့ပြဒေသတွင်ဖြစ်ရန် အလားအလာများသည်ဟုဆိုကြသည်။ တောတောင်ထူထပ်သောဒေသနှင့် မှောင်မိုက်သောကာလတွင် ပိုမိုအသုံးတည့်သည်ဟုဆိုသည့် စိမ့်ဝင်ခြင်းနည်းစနစ်သည် အုတ်နံရံနှင့် တံတိုင်းကြီးများ၊ လမ်းမကြီးများနှင့် လျှပ်စစ်ဓါတ်တိုင်များ၊ မြင့်မားသောတိုက်တာအဆောက်အအုံများနှင့် ကျယ်ပြန့်သောပန်းခြံဖြင့် ပြည့်လျှမ်းနေသော မြို့ပြဒေသများတွင် အသုံးပြုနိုင်ခြင်းရှိမရှိဆိုသည့်အချက်နှင့် ပတ်သက်၍ ဗိုဇီနိုဗစ်က "မြို့ပြအဆောက်အအုံမှန်သမျှသည် မည်သည့်စိမ့်ဝင်ခြင်းနည်းစနစ်ကိုမျှ ဟန့်တားနိုင်ခြင်းမရှိ" ဟု ဆိုပါသည်။ မြေအောက်ရထားလမ်း၊ လူသွားလမ်းနှင့် ရေမြောင်းများ၊ နောက်ဖေးလမ်းကြားများ၊ အမိုးချင်းထိလုမတတ်ဖြစ်နေသောတိုက်ခေါင်မိုးများသည် စိမ့်ဝင်သောလမ်းအဖြစ် အသုံးပြုရန်ကောင်းသော လမ်းကြောင်းများဖြစ်သည်။ လင်းထိန်နေသောလမ်းမကျယ်ကြီးအား ရန်သူသည်၎င်း၏ စက်သေနတ် အဖွဲ့များဖြင့် ကောင်းစွာထိန်းချုပ်ထားနိုင်သည်ဟု ယုံကြည်နေချိန်တွင် ကျွန်ုပ်တို့၏ စိမ့်ဝင်ရေးအဖွဲ့ငယ်များသည် အဆိုပါလမ်းမကြီးအောက်ရှိ စည်ပင်သာယာရေးရေမြောင်းအတွင်းမှတစ်ဆင့် ဝင်ရောက်ပြီး ၎င်း၏နောက်ကျောအား သေနတ်ဖြင့်ချိန်ရွယ်ထားသည်ကို သိနိုင်မည်မဟုတ်ပေ။

## စိမ့်ထွက်ခြင်း

ရန်သူ့နယ်မြေအတွင်းစိမ့်ဝင်ခြင်းနှင့် ရန်သူ့နယ်မြေမှစိမ့်ထွက်ခြင်းသည် လုပ်ငန်းသဘောအရ အတူတူပင်ဖြစ်သည်။ ရန်သူနှင့်ထိတွေ့မှုမရှိဘဲ ရန်သူ့နေရာအတွင်းမှ သို့မဟုတ် ရန်သူ့နေရာအနီးတစ်ဝိုက်မှ ထွက်ခွာခြင်းပင်ဖြစ်သည်။ သို့ရာတွင် စိမ့်ထွက်ရာ၌ မိမိတွင် သုံ့ပန်းများ၊ လူနာများ၊ အရေးကြီးသောစစ်လက်နက်ပစ္စည်းများ စသည်ဖြင့် ဝန်ထုပ်ဝန်ပိုးများအပိုပါလာသည့်အပြင် ရန်သူအနေဖြင့်လည်း ပိုမိုနိုးကြားသောအခြေအနေရှိနေမည်ဖြစ်သည်။ စိမ့်ထွက်ရာ၌လည်း လုံခြုံမှုအခြေအနေပေါ်မူတည်၍ သေးငယ်သောအဖွဲ့ငယ်ကလေးများခွဲထုတ်ပြီး စိမ့်ထွက်လေ့ရှိကြသည်။ စိမ့်ထွက်စဉ်မလွဲသာမရှောင်သာ ရန်သူနှင့်ထိတွေ့ရပါက ထိတွေ့နေသောတပ်သည် အဆင့်ဆင့်ဟန့်စစ်ဆင်၍ ဆုတ်ခွာရသည့်ပုံစံအတိုင်း ဆုတ်ခွာ၍ ရန်သူနှင့်အလျင်အမြန်အဆက်ဖြတ်ရသည်။ ကျန်စိမ့်ထွက်သောတပ်များသည် ၎င်းထိတွေ့သောတပ်အား ရန်သူနှင့်အဆက်ဖြတ်နိုင်ရန်အကူအညီပေးရသည်။ စိမ့်ဝင်ခြင်းကိုပြုလုပ်တိုင်း မလွဲမသွေစိမ့်ထွက်ရမည်ဟူ၍ကား မဆိုလိုပါ။ စိမ့်ဝင်ခြင်းဖြင့် ရန်သူ့နေရာအား တိုက်ခိုက်သိမ်းပိုက်ခြင်း၊ ဖြတ်တောက်ပိတ်ဆို့ခြင်း၊ နှောက်ယှက်ဖျက်ဆီးခြင်းလုပ်ပြီးနောက် စိမ့်ဝင်သည့်တပ်ထံ နောက်ပိုင်းမှတပ်များက လာရောက်ပူးပေါင်းခြင်းဖြင့် နယ်မြေတစ်ခုလုံးအား သိမ်းပိုက်လိုက်နိုင်သောအခါ၌လည်းကောင်း၊ စိမ့်ဝင်သောတပ်သည် ရန်သူ့နောက်ပိုင်း ပို၍ကျသောနေရာ၌လည်းကောင်း ပြန်လည်စိမ့်ထွက်ရန် မလိုတော့ချေ။

စိမ့်ထွက်ခြင်းနည်းစနစ်သည် ရန်သူ့အတွင်းပိုင်းသို့ စိမ့်ဝင်ရောက်ရှိနေသောတပ်များ ပြန်ထွက်ရန်အတွက်သာမက ရန်သူများ၏ဝိုင်းဝန်းပိတ်ဆို့ထားခြင်းကို ခံရသောတပ်များ လွတ်မြောက်ရေးအတွက်လည်း အသုံးပြုနိုင်သော နည်းစနစ်တစ်ခုဖြစ်ပေသည်။ ကျွန်ုပ်တို့၏တပ်များသည် ရန်သူ့ဝိုင်းပတ်ပိတ်ဆို့ခြင်းခံရမည့်အရေးကို အထူးဂရုစိုက်တတ်ကြပြီး အကယ်၍ဝိုင်းပတ်ခြင်း ခံရမည့် အလားအလာရှိပါက ပတ်လည်ခံစစ်ယူ၍ ပြင်ပမှရောက်ရှိလာမည့် အကူအညီကိုသာ လုံးဝအားကိုးတတ်ကြပါသည်။ စင်စစ်အားဖြင့် ရန်သူ့အတွင်းပိုင်းသို့ ဝင်ရောက်သည့်တပ်များသည် အမြဲလှုပ်ရှားနေခြင်းဖြင့် ရန်သူ၏ဝိုင်းပတ်မှုကိုရှောင်ကွင်းနိုင်မည်ဖြစ်ပြီး မလွှဲသာမရှောင်သာဝိုင်းပတ်ခြင်းခံရမည့်အခြေအနေသို့ရောက်ရှိလာပါက ရန်သူ၏ဝိုင်းပတ်ပိတ်ဆို့မှုမှာ မည်မျှပင်စေ့စပ် သေချာစေကာမူ တောတောင်ထူထပ်သောဒေသတွင် ညအချိန်၌အဖွဲ့ငယ်ကလေးများဖြင့် သေသေသပ်သပ်စိမ့်ထွက်ခြင်းကိုမူ မည်သို့မျှတားဆီးနိုင်စွမ်းရှိမည်မဟုတ်ပေ။ ထို့ကြောင့် စိမ့်ထွက်ခြင်းနည်းစနစ်သည် ကျွန်ုပ်တို့၏ရှင်သန်လွတ်မြောက်မှုအတွက် တတ်သိကျွမ်းကျင်ထားအပ်သော နည်းစနစ်တစ်ခုပင်ဖြစ်၏။

## ကွပ်ကဲမှု၊ ကြီးကြပ်မှုနှင့် ဆက်သွယ်ရေး

စိမ့်ဝင်ရာတွင် လက်အောက်တပ်မှူးငယ်များအပြင် စစ်သည်တစ်ဦးချင်းသည် မိမိတို့၏ထိုးထွင်းဉာဏ်ကို အများဆုံးအသုံးပြုကြရပါသည်။ ဥပမာအားဖြင့် စိမ့်ဝင်သောအဖွဲ့ငယ်တစ်ဖွဲ့မှ

စစ်သည်တစ်ဦးသည် မမျှော်လင့်ဘဲ ၎င်း၏သေနတ်ပြောင်းရှေ့သို့ရောက်နေသော ရန်သူ့တပ်မှူးကို သတ်မလား၊ ရည်မှန်းချက်ဖြစ်သော ရန်သူ့ကတုတ်ကျင်းသို့ ဆက်လက်၍ ချဉ်းကပ်မလားဆိုသည့် ပြဿနာကို ကိုယ်ပိုင်ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ရသည့်အခြေအနေမျိုး အချိန်မရွေးရောက်နိုင်ပါသည်။ သို့ဖြစ်၍ စိမ့်ဝင်သောတပ်ကို ဗဟိုဦးစနစ်ဖြင့် မလှုပ်နိုင်အောင် ချုပ်ကိုင်ထားလျှင် ခက်ခဲသော ရည်မှန်းချက်ကိုအောင်မြင်ရန် အလားအလာနည်းပါးသည်။ စိမ့်ဝင်သည့်အခါအမှန်တကယ်တွေ့ရှိရမည့်အခြေအနေကို မည်သည့်တပ်မှူးမှ ကြိုတင်မသိရှိနိုင်ပါ။ ကြိုတင်မသိရှိသော အခြေအနေအတွက် အသေးစိတ်အမိန့်များ ကြိုတင်ထုတ်ပြန်ခြင်းမှာ လက်တွေ့မကျပါ။ တစ်ဦးချင်းစီ၏ ထိုးထွင်းဉာဏ်ကို အများဆုံးအသုံးချနိုင်မည့် လက်အောက်သို့အာဏာဖြန့်ခွဲပေးသော လုပ်နည်းစနစ် (Decentralized Execution) ကိုသာ အသုံးပြုရမည်ဖြစ်သည်။ သို့ရာတွင် ဗဟိုမှကွပ်ကဲမှုကိုကား လုံးဝလျှော့ပေးလိုက်ရမည်မဟုတ်ပေ။ အထက်တပ်မှူးလိုလားချက်၊ ရည်မှန်းချက်နေရာ၊ အချိန်ကန့်သတ်ချက်၊ လမ်းကြောင်းအပိုင်းမျဉ်းအလိုက် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်၊ မမျှော်လင့်သော အခြေအနေအတွက် လုပ်ဆောင်ရန်အစရှိသော ကန့်သတ်ချက်ဘောင်များကိုကား ချမှတ်ပေးရမည်ဖြစ်သည်။ လက်အောက်တပ်မှူးငယ်များ လွတ်လွတ်လပ်လပ်လုပ်ဆောင်နိုင်ရန် ဘောင်ကျယ်ကျယ် ချပေးရန်သာဖြစ်သည်။

စိမ့်ဝင်ခြင်း၌ အမိန့်တိုများ (Short orders/ Abbreviated Orders/ Fragmentary Orders) သည် အလွန်အသုံးဝင်ပါသည်။ မမျှော်လင့်သောအခြေအနေကို ရင်ဆိုင်ရန်အတွက် စိမ့်ဝင်သောတပ်မှူးသည် သာမန်ပုံစံကျ အသေးစိတ်အမိန့်များကို ပေးနိုင်လိမ့်မည်မဟုတ်ပေ။ များသောအားဖြင့် စိမ့်ဝင်သောတပ်မှူးသည် အရေးကြီးဆုံးရည်မှန်းချက်တာဝန် ထမ်းဆောင်ရမည့်တပ်ခွဲ၊ သို့မဟုတ် တပ်စုတစ်ခု၊ သို့မဟုတ် တပ်စိတ်တစ်စိတ်ဖြင့်သာ အတူရှိနေမည်ဖြစ်သည်။ ယင်း အရွယ်အစားများထက်ပို၍ကြီးသော တပ်အရွယ်အစားအဖြစ် စိမ့်ဝင်နိုင်မှုမှာ ကြုံတွေ့ရန် ရှားပါးလှသော အခြေအနေဖြစ်ပါသည်။ စိမ့်ဝင်သောတပ်နှင့် ရင်ဆိုင်ရမည့်ရန်သူမှာ များသောအားဖြင့် မိမိထက် အင်အားသာလွန်သောရန်သူ ဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ မမျှော်လင့်သောတိုက်ပွဲကလေးများအတွက် မလိုအပ်ဘဲ အချိန်ပိုမပေးမိရန် အထူးသတိထားရမည်ဖြစ်ပေသည်။ ရန်သူနှင့် စတင်ထိတွေ့သော အဖွဲ့ကို ထိတွေ့လျှင်ထိတွေ့ချင်း ဘာလုပ်ရမည်ကို အဆုံးအဖြတ်ပေးနိုင်ရမည်ဖြစ်သည်။ အဆင့်ဆင့် သတင်းပို့နေသည်ကို စောင့်ဆိုင်းနေရန် အချိန်ရမည်မဟုတ်ပေ။ အချို့လှုပ်ရှားမှုများသည် ကြိုတင် ဇာတ်တိုက်ထားပြီးဖြစ်ပါက စကားဝှက်တစ်လုံးစီဖြင့် တပ်မှူး၏အဆုံးအဖြတ်၊ အမိန့်နှင့် လုပ်နည်းစနစ်အဖြစ် ချက်ချင်းအကောင်အထည်ဖော်နိုင်ရမည်ဖြစ်သည်။

စိမ့်ဝင်ခြင်းပြုရာ၌ တပ်များသည် လမ်းကြောင်းတစ်ခုတည်းမှ အလီလီခွဲ၍ဝင်ရခြင်း၊ လမ်းကြောင်းအများအပြားမှ ဖြန့်ခွဲဝင်ရခြင်း အစရှိသည့်နည်းလမ်းများကို ကျင့်သုံးရသည်။ အချိန်ကာလအားဖြင့် မှောင်မိုက်နေခြင်း၊ ရာသီဥတုနှင့်မြေပြင်အခြေအနေကြမ်းတမ်းခြင်း၊ ရန်သူနှင့်နီးကပ်စွာဖြတ်သန်းရခြင်းစသည့် အခြေအနေများအောက်တွင် အဖွဲ့ငယ်များ၏ စိမ့်ဝင်ရခြင်းမှာ သာမန်

ဆက်သွယ်နိုင်မှု အဆင့်အတန်းဖြင့် မည်သူ့မျှလုံလောက်နိုင်မည်မဟုတ်ပေ။ တစ်ဦးချင်းကောင်းစွာ နားလည်အောင်လေ့ကျင့်ထားရမည့်စကားဝှက်များ၊ စစ်မြေပြင်အချက်ပြများ၊ အသံနှင့်အလင်းရောင် အချက်ပေးမှုများ၊ တစ်ဦးချင်းမမှားရေးအမှတ်အသားများကို ကျွမ်းကျမ်းကျင်ကျင် အသုံးချနိုင်ရမည် ဖြစ်သည်။ လမ်းလျှောက်စကားပြောစက်များ၌ လက်နှိပ်ခလုတ်ဖြင့် အချက်ပေးဆက်သွယ်ခြင်းသည် ထိရောက်သောနည်းလမ်းတစ်ခုဖြစ်သည်။ အရေးပေါ်အခြေအနေတွင်မူ ဆက်သွယ်ရေးစက်မှ စကားဝှက်ဖြင့်ဆက်သွယ်ခြင်းပြုနိုင်ရန် အဖွဲ့ခွဲတိုင်းသို့ လမ်းလျှောက်စကားပြောစက်များ ထုတ်ပေး ထားရန်လိုသည်။ စိမ့်ဝင်သောတပ်ဖွဲ့ငယ်များအတွင်း ဆက်သွယ်မှုပြတ်တောက်ခြင်းသည် ကျရောက် လာမည့် ဘေးအန္တရာယ်ဆိုးကြီးအတွက် ရှေ့ပြေးနိမိတ်လက္ခဏာပင်ဖြစ်သည်။

ပြင်သစ်တို့၏အထူးတပ်ဖွဲ့ (Force Di action Rapide) သည် ၂၄ နာရီအတွင်း ကမ္ဘာပေါ်ရှိ မည်သည့်နေရာမဆို တိုက်ခိုက်နိုင်စွမ်းရှိသည်ဟုဆို၏။ ဂြိုဟ်တုမှတစ်ဆင့်ဆက်သွယ်နိုင်သော ကိရိယာများပင် တပ်ဆင်ထားသော အမေရိကန်တို့၏အထူးတပ်ဖွဲ့သည် ကမ္ဘာပေါ်တွင် အစွမ်း အထက်ဆုံးဟုဆို၏။ ယင်းသို့သောဆက်သွယ်ရေးကိရိယာများကို အသုံးပြု၍ ဗြိတိသျှတို့၏ အက်စ်အေအက်စ်တပ်ဖွဲ့ (Special Air Service) သည် ပင်မတပ်ထက် ရက်သတ္တပတ်သုံးပတ် စော၍ ဖောက်ကလင်ကျွန်းပေါ်သို့ တက်ရောက်ပြီး စိမ့်ဝင်လှုပ်ရှားနိုင်ခဲ့ကြသည်။ ခရီးအကွာအဝေး၊ အချိန်ကာလ၊ မြေပြင်အခြေအနေ အဟန့်အတားများကို ခေတ်မီဆက်သွယ်ရေးစက်များက ကျော်လွှားနိုင်သလောက် စိမ့်ဝင်တပ်များအား ခရီးလမ်းပန်းကွာဝေးလှသော နေရာဒေသများထိ စေလွှတ်နိုင်ကြောင်း ထင်ရှားသည့်သာဓကပင်ဖြစ်ပေသည်။

**အုပ်ချုပ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေး**

စိမ့်ဝင်ခြင်းနည်းစနစ်သည် လျှို့ဝှက်စွာလှုပ်ရှားသွားလာရမှုအပေါ်တွင် အခြေခံထားရသော ကြောင့် စိမ့်ဝင်သည့်တပ်များသည် မိမိဘာသာသီးခြား ဖူလုံမှုရှိအောင် စထွက်ကတည်းက စီစဉ်သွား ရန်လိုအပ်ပေသည်။ ရန်သူ့အတွင်းပိုင်းရောက်ပြီးက ဆက်လက်ထောက်ပံ့ဖြည့်တင်းပေးရန် မလွယ် ကူတော့ချေ။ အရေးပေါ်အခြေအနေတွင် လေကြောင်းထောက်ပံ့မှုနှင့် ရွှေ့ထုတ်မှုကို ပြုလုပ်ကောင်း ပြုလုပ်နိုင်မည်ဖြစ်သော်လည်း လုံလုံလောက်လောက် ပြည့်ပြည့်စုံစုံဖြစ်လိမ့်မည် မဟုတ်ပေ။ တိုက်ပွဲ အတွင်းအသုံးလိုမည့် လက်နက်ခဲယမ်းမီးကျောက်ကို စိမ့်ဝင်ခြင်းစတင်စဉ်ကတည်းက တစ်ပါတည်း ယူဆောင်သွားကြရသည်။ အချို့သောအခြေအနေများတွင် ခဲယမ်းနှင့်ရိက္ခာများကို လိုအပ်မည့်နေရာ များ၌ ကြိုတင်သိုဝှက်ပြီး စုပုံထားကြရပါသည်။ သယ်ဆောင်ရမည့်ရိက္ခာအနေဖြင့် အကျစ်လစ်ဆုံး အမျိုးအစားနှင့် ကယ်လိုရီအများဆုံးပါသည့် အစားအစာများကိုသာ သယ်ဆောင်သင့်ပေသည်။ ရိက္ခာနှင့်စာလျှင် ခဲယမ်းကို ပိုမိုဦးစားပေး၍ သယ်ဆောင်နိုင်ရန်ဖြစ်ပါသည်။ သေချာပေါက်ရရှိနိုင် မည့် ဒေသန္တရအစားအစာ အခြေအနေနှင့် ရန်သူ့သိုလှောင်ရုံများကို သိမ်းပိုက်ပြီး မိမိတပ်အတွက် ရိက္ခာနှင့်ခဲယမ်းဖြည့်တင်းပေးနိုင်မှုအခြေအနေကိုလည်း ထည့်သွင်းတွက်ချက်ရပါသည်။ အသင့်စား နိုင်သောအစားအစာ၊ သို့မဟုတ် မီးပျောက်ရိက္ခာများသည် စိမ့်ဝင်သောတပ်များအတွက် အသင့်

လျော့ဆုံးဖြစ်ပါသည်။ အချိန်ကြာမြင့်စွာ စိမ့်ဝင်နေရသော စိမ့်ဝင်တပ်အတွက် ဒေသခံပြောက်ကျားများ၏ အကူအညီသည် တန်ဖိုးအရှိဆုံးပင်ဖြစ်ပေသည်။

စိမ့်ဝင်သောတပ်အတွက် ဒဏ်ရာရသော လူနာပြဿနာသည် အကြီးမားဆုံးပြဿနာ တစ်ရပ်ပင်ဖြစ်သည်။ တစ်ခါတစ်ရံလူနာများကြောင့် စိမ့်ဝင်သောတပ်သည် မိမိရည်မှန်းချက်တာဝန်ကို မထမ်းဆောင်နိုင်ဘဲ လက်လွတ်ခဲ့ရခြင်းများ ရှိပေသည်။ စိမ့်ဝင်သည့်စစ်သည်များကိုလည်း "ငါသာဒဏ်ရာရခဲ့လျှင်" ဆိုသည့် စိုးရိမ်ကြောင့်ကြမှုက အမြဲခြောက်လှန့်နေလေ့ရှိသည်။ ဤကြောင့်ကြမှုကို ပပျောက်စေရန် ထိရောက်သော လူနာရွှေ့ထုတ်ရေး အစီအစဉ်ရှိရမည်ဖြစ်သည်။

အချိန်တိုကာလအတွက်သာဖြစ်လျှင် ဒဏ်ရာရလူနာများကို မိမိတပ်နှင့်အတူ တစ်ပါတည်း မဖြစ်မနေသယ်ဆောင်ရမည်ဖြစ်သည်။ ရှည်လျားသောခရီးကို အချိန်ကာလကြာမြင့်စွာ ဆက်လက်ချီတက်ရမည်ဖြစ်လျှင် တပ်မှူးအနေဖြင့် စဉ်းစားဆုံးဖြတ်ရန်နည်းများမှာ ရည်မှန်းချက်နေရာကို ရန်သူမှမရိပ်မိစေသည့် လမ်းလွှဲတစ်နေရာတွင် ဆယ်တင်နေရာ (Pick up Zone) သတ်မှတ်၍ ရဟတ်ယာဉ်ဖြင့်သယ်ယူသွားစေခြင်း၊ အဖွဲ့ငယ်တစ်ဖွဲ့အဖြစ်လူနာအားသယ်ဆောင်၍မိမိနောက်ပိုင်းသို့ စိမ့်ဝင်စေခြင်းဖြင့် တစ်ဖန်ဆုံရပ်နေရာသို့ ပြန်လည်စိမ့်ဝင်စေခြင်း၊ ဒေသခံလူထုများ၏ စိတ်ရင်းစေတနာနှင့် ကူညီအားပေးထောက်ပံ့မှုအပေါ် အားကိုးယုံကြည်ပြီး ဆေးရုံပုန်း (Hidden Hospital) တစ်ခုတည်ထောင်ထားခြင်း၊ လူသူအပေါက်အရောက်နည်းသောနေရာတွင် အဖွဲ့ငယ်တစ်ဖွဲ့ကို ဆေးတပ်သား၊ လုံခြုံရေးစစ်သည်၊ ဒဏ်ရာရစစ်သည်များဖြင့် ဖွဲ့စည်းပြီး နောက်ပိုင်းတပ်များနှင့် ဆုံမိသည်အထိ၊ သို့မဟုတ် မိမိတပ်ပြန်လည်စိမ့်ထွက်ချိန်အထိ ထားရှိခြင်းစသည်တို့ဖြစ်ပါသည်။

## နိဂုံး

သမားရိုးကျစစ်ပွဲများတွင် ခြေလျင်တပ်၏စွမ်းရည်ကို အမြင့်မားဆုံးရရှိနိုင်ရန်အတွက် စိမ့်ဝင်ခြင်းနည်းစနစ်အား မည်ကဲ့သို့အသုံးပြုနိုင်သည်ကို တင်ပြခဲ့ပြီးဖြစ်ပါသည်။ ပြူန်းတီးစစ်၊ အမှည့်ခြွေခြင်း၊ နှောက်ယှက်ဖျက်ဆီးခြင်းအစရှိသည့် သမားရိုးကျမဟုတ်သောစစ်ဆင်မှုများအတွက်လည်း စိမ့်ဝင်ခြင်းသည် ပင်တိုင်အသုံးပြုသည့်နည်းစနစ်ပင်ဖြစ်ပေသည်။ မည်သည့်စစ်ပွဲပုံသဏ္ဍာန်နှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် အသုံးပြုသည်ဖြစ်စေ၊ စိမ့်ဝင်ခြင်းပြုလုပ်တော့မည်ဆိုလျှင် တပ်အင်အားကို အစွမ်းကုန်ဖြန့်ခွဲရလေ့ရှိပါသည်။ လျှို့ဝှက်မှုနှင့် အလစ်အငိုက်ရရှိမှုကို အများဆုံးဦးစားပေးပြီး သေသေသပ်သပ် လှုပ်ရှားသွားလာရပါမည်။ ပြင်းထန်သောအရှိန်အဟုန်ဖြင့် ရဲရင့်ပြတ်သားစွာတိုက်ခိုက်ရပါသည်။ သို့ဖြစ်၍ စိမ့်ဝင်ခြင်းအောင်မြင်ရန်အတွက် စစ်သည်တစ်ဦးချင်း၏ အရည်အချင်းပြည့်ဝမှုသည်သာ အဓိကအကျဆုံးဖြစ်ပါသည်။

လူပင်လယ်ဖြင့် တိုက်နည်းဗျူဟာ (Human Sea Tactics) သည် မျက်မှောက်ခေတ်တွင် လုံးဝအသုံးမဝင်တော့ပါ။ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ တစ်တပ်ချင်းတူညီသော ရည်မှန်းချက်အတွက် နည်းလမ်းကိုယ်စီဖြင့် တက်ညီလက်ညီလုပ်ရန်သာလိုပါသည်။ ခြေလျင်တပ်၊ လက်ရုံးတပ်၊ ဝန်ထမ်း

တပ်များသည် မိမိတာဝန် မိမိထမ်းဆောင်ရသကဲ့သို့ ခြေလျင်တပ်အတွင်းမှာပင် မျက်နှာစာမှ ဖိအား ပေးထားသောတပ် ဝဲယာမှပန်းသောတပ်၊ အတွင်းသို့စိမ့်ဝင်သောတပ်၊ ရောင်ပြတပ်၊ ပစ်ကူပေးသော တပ် အစရှိသည်ဖြင့် တာဝန်အသီးသီးလှုပ်ရှားကြရသည်။ ဤအထဲတွင် စိမ့်ဝင်သောတပ်သည် လမ်းကြောင်းအသွယ်သွယ်မှ အဖွဲ့ငယ်များအလီလီခွဲ၍ စိမ့်ဝင်ရသည့်အပြင် တိုက်ပွဲရှုပ်ထွေးသော အခြေအနေသို့မမျှော်လင့်ဘဲ ရောက်လာသည့်အခါ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ယောက်နှင့်တစ်ယောက် အလွယ်တကူပင်အဆက်အသွယ် ပြတ်တောက်သွားနိုင်ပါသည်။ ထိုအခါစစ်သည်အသီးသီးသည် မိမိတို့ဘာသာတစ်ဦးတည်း တိုက်ပွဲဝင်နေရသလိုခံစားလာရပါသည်။ ၎င်းစစ်သည်သည် ပေးထား သော ရည်မှန်းချက်တာဝန်အား အမှန်တကယ်လုပ်ဆောင်သည်၊ မလုပ်ဆောင်သည်ကို မည်သူမျှမသိ နိုင်တော့ပါ။ တစ်ခါတစ်ရံတိုက်ပွဲတွင် ကျဆုံးသွားသလား၊ ထိခိုက်ဒဏ်ရာရသွားသလား၊ ဖမ်းမိသွား သလားဆိုသည်ကိုပင် အဖွဲ့ခေါင်းဆောင်လုပ်သူမှ အချိန်အတော်ကြာအောင် မသိနိုင်သော အခြေ အနေမျိုးရှိတတ်ပါသည်။ ဤအခြေအနေများကို ကျော်လွှားနိုင်ရန်အတွက် အဖွဲ့ငယ်များအတွင်း မျက်မြင်သော်လည်းကောင်း၊ အသံအားဖြင့်သော်လည်းကောင်း၊ ထိတွေ့မှုသဘောအရသော် လည်းကောင်း ဆက်သွယ်မှုရှိနေရမည်ဖြစ်ပြီး အဖွဲ့တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြားတွင် ဆက်သွယ်ရေးစက်ဖြင့် ဆက်သွယ်မှုမပြတ်ရန်လိုအပ်ပါသည်။ လိုအပ်သည့်ဆက်သွယ်ရေးစက်များအပြည့်စုံလျှင် စိမ့်ဝင် သော တပ်မှူးသည် မိမိနှင့်အတူရှိသော တပ်စိတ်မှအပ ကျန်တပ်ဖွဲ့ဝင်များကို မည်သို့မျှကွပ်ကဲနိုင် တော့မည် မဟုတ်ပါ။

စိမ့်ဝင်သောတပ်တွင် ဆက်သွယ်ရေးစက်ထက်ပို၍ အရေးကြီးသော နောက်ထပ်လိုအပ်ချက် တစ်ခုမှာ စစ်သည်အချင်းချင်း၏ စိတ်များကို အမြဲဆက်သွယ်ပေးထားသည့် တပ်ဖွဲ့စိတ်ပင်ဖြစ်ပါ သည်။ စစ်သည်တစ်ဦးချင်း၏ လုပ်ရည်ကိုင်ရည်ကို အဓိကအားကိုးအားထားပြုရသော စိမ့်ဝင်ခြင်း နည်းစနစ်တွင် စစ်သည်တိုင်းသည် လက်ထဲတွင်သေနတ်တစ်လက်စီရှိနေရုံမျှဖြင့် မလုံလောက်ဘဲ ဦးခေါင်းတွင် ထိုးထွင်းဉာဏ်နှင့် နှလုံးသားထဲတွင် တပ်ဖွဲ့စိတ်ကိုယ်စီရှိနေရမည်ဖြစ်ပေသည်။